# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်။
(၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာပါသည်။

# ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၁။]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း)ကိုပြည်သူတို့၏ ဆန္ဒသဘောထားများ၊ အကြံပေးချက်များအပေါ် အခြေခံကာ ပြည်သူ့ဘိုကိုယ်တိုင်ပါဝင်၍ရေးဆွဲခဲ့ပေသည်။

ပြည်သူတို့ ရေးဆွဲခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူတို့က မကြာမီ အတည်ပြု ပြဋ္ဌာန်းမည်ဖြစ်ပေသည်။ ယင်းသို့ အတည်ပြုပြဋ္ဌာန်းမည့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ လုပ်သားပြည်သူတို့ကိုစစ်မှန်စွာ ကိုယ်စားပြုမည့် ပြည်သူ့ကိုယ်စားလှယ်များကိုရွေးချယ် တင်မြှောက်နိုင်ရန် အတွက်လည်းကောင်း၊ ရွေးချယ် တင်မြှောက်ရာတွင် နိုင်ငံသားများကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီက အောက်ဖော်ပြပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

## အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ

အမည်နှင့် အာဏာတည်သည့် နေ့ရက်

၁။ ။(၁) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် ချက်ခြင်း အာဏာတည်စေရမည်။

၂။ အဓိပ္ပာယ်ဖော်ပြချက်များ ။ဤဥပဒေနှင့် ဤဥပဒေအရပြဋ္ဌာန်းထားသည့် နည်းဥပဒေများတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

၁။ **ဤဥပဒေ** ဆိုသည်မှာ၊ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

၂။ **နည်းဥပဒေများ** ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်း ထားသည့်နည်းဥပဒေများကိုဆိုသည်။

၃။ **ပြည်သူ့ကောင်စီ အဆင့်ဆင့်** ဆိုသည်မှာ၊ ပြည်နယ် ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ကောင်စီ၊ မြို့နယ် ပြည်သူ့ကောင်စီ၊ ရပ်ကွက် ပြည်သူ့ကောင်စီနှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီတို့ကိုဆိုသည်။

၄။ **ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်** ဆိုသည်မှာ၊ ပြည်သူ့ လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ် တဦးကိုဆိုသည်။

၅။ **ပြည်သူ့ကောင်စီဝင်** ဆိုသည်မှာ၊ ပြည်သူ့ကောင်စီ အဆင့်တခုခုသို့ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့ကိုယ်စားလှယ်ကိုဆိုသည်။

၆။ **ပြည်သူ့ကိုယ်စားလှယ်** ဆိုသည်မှာ၊ ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီအဆင့်တခုခုသို့ ရွေးချယ်တင် မြှောက်ခြင်း ခံရသောပုဂ္ဂိုလ် တဦးဦးကိုဆိုသည်။

၇။ **ကော်မရှင်** ဆိုသည်မှာ၊ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင် ဥပဒေအရ ဖွဲ့စည်းထားသော ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်ကိုဆိုသည်။

၈။ **ကော်မရှင်အဖွဲ့ခွဲများ** ဆိုသည်မှာ၊ ၁၉၇၃ ခုနှစ်၊ ပထမ အကြိမ်ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့် ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေ အရ ဖွဲ့စည်းထားသော ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲနှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့ကို ဆိုသည်။

၉။ **တဆင့်မြင့်သော သက်ဆိုင်ရာအဖွဲ့အစည်း** ဆိုသည်မှာ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲအတွက်ဖြစ်လျှင် မြို့နယ် ကော်မရှင်

အဖွဲ့ခွဲကိုလည်းကောင်း၊ မြို့နယ် ကော်မီရှင် အဖွဲ့ခွဲအတွက် ဖြစ်လျှင် ပြည်နယ်ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲကိုလည်းကောင်း၊ ပြည်နယ်ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင် အဖွဲ့ခွဲအတွက် ဖြစ်လျှင် ကော်မီရှင်ကိုလည်းကောင်း ဆိုသည်။

၁၀။ **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ၊ အောက်ပါ ပုဂ္ဂိုလ်များကိုဆိုသည်။

(က) ဗုဒ္ဓဘာသာဝင်များအတွက် ဖြစ်လျှင် ဗုဒ္ဓဘာသာ၊ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလများ။

**ရှင်းလင်းချက်။** ။သာသနာ့ ဝန်ထမ်းများဟု ဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း၊ သို့မဟုတ် သာသနာ့ ဝန်ထမ်းအဖြစ် ခေတ္တ ခံယူထားသူများနှင့်လည်း ထိုသို့ခံယူထားဆဲ ကာလအဖို့ သက်ဆိုင်စေရမည်။

(ခ) ခရစ်ယာန် ဘာသာဝင်များ အတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အစဉ်အားဖြင့် မိမိကိုယ်ကိုဆက်ကပ်ထားပြီး ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန် အသင်းတော်ကြီးများ (Churches)က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော၊ သို့မဟုတ် တာဝန်ပေးထားခြင်း ခံရသော ပုဂ္ဂိုလ်များဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာ ဘာသာအရဂိုဏ်းချုပ်၏အုပ်ချုပ်ခြင်းကို မိမိ ဆန္ဒအလျောက် လက်ခံ၍ ဘာသာရေး စည်းမျဉ်းဖြင့် လည်းကောင်း၊အမိန့်ဒဏ်ဖြင့် ပြုချက်ဖြင့်လည်းကောင်း စည်းရုံးထားသော ပုဂ္ဂိုလ် တစုတွင်ဖြစ်စေ၊ အဖွဲ့ အစည်းတွင်ဖြစ်စေ ပါဝင်သော ပုဂ္ဂိုလ်များ။

(ဂ) ဟိန္ဒူ ဘာသာဝင်များအတွက် ဖြစ်လျှင် ဝံယာစီ၊ မဟန္တ၊ သို့မဟုတ ဟိန္ဒူ ဘုန်းတော်ကြီးများ။

၁၁။ **မဲစာရင်း** ဆိုသည်မှာ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် သတ်မှတ်ထားသောမဲဆန္ဒ နယ်များတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကိုဆိုသည်။

၁၂။ **ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်** ဆိုသည်မှာ၊ ရပ်ကွက်ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဖွဲ့စည်းရေးအတွက် ရပ်ကွက်၊ သို့မဟုတ်

ကျေးရွာအုပ်စုရှိ လူဦးရေနှင့် ဒေသကို အခြေခံလျက် ပြည်သူ့ကောင်စီဝင် အရေအတွက် ရှိသည်နှင့်အမျှ ရပ်ကွက်ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် တစ်ဦးစီအတွက် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကို ဆိုသည်။

**ဥပမာ**——ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အမှတ်(၁)၊ အမှတ်(၂) စသည်ဖြင့် ယင်းရပ်ကွက်ရှိ လူဦးရေနှင့် ဒေသကို အခြေခံလျက်သတ်မှတ်ထားသော ရပ်ကွက် ပြည်သူ့ကောင်စီဝင် အရေအတွက် ရှိသည်နှင့်အမျှ ခွဲခြား သတ်မှတ် ထားသည့်နယ်မြေအပိုင်းအခြား ဖြစ်ပါသည်။

၁၃။ **မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်** ဆိုသည်မှာ၊ မြို့နယ် ပြည်သူ့ကောင်စီ ဖွဲ့စည်းရေး အတွက် မြို့နယ် အတွင်းရှိ လူဦးရေနှင့် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာ တစ်ခုချင်းကို အခြေခံလျက် ပြည်သူ့ကောင်စီဝင် အရေအတွက်ရှိသည် နှင့်အမျှ မြို့နယ် ပြည်သူ့ကောင်စီဝင် တစ်ဦးစီ အတွက် သတ်မှတ်ထားသော နယ်မြေ အပိုင်း အခြားကိုဆိုသည်။

**ဥပမာ**——ဗဟန်းမြို့နယ် ပြည်သူ့ကောင်စီ မဲဆန္ဒ နယ် အမှတ် (၁)၊ အမှတ် (၂) စသည်ဖြင့် ယင်းမြို့နယ်ရှိ လူဦးရေနှင့် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာ အုပ်စု တစ်ခု ချင်းကို အခြေခံလျက် သတ်မှတ်ထားသော မြို့နယ် ပြည်သူ့ ကောင်စီဝင် အရေအတွက် ရှိသည်နှင့်အမျှ ခွဲခြား သတ်မှတ်ထားသော နယ်မြေ အပိုင်းအခြား ဖြစ်ပါသည်။

၁၄။ **ပြည်နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်** ဆိုသည်မှာ၊ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ ဖွဲ့စည်းရေးအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ လူဦးရေနှင့် မြို့နယ် တစ်ခုချင်းကို အခြေခံလျက် ပြည်နယ်၊ ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင် အရေအတွက် ရှိသည်နှင့်အမျှ ပြည်နယ် ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင် တစ်ဦးစီအတွက် သတ်မှတ် ထားသော နယ်မြေအပိုင်းအခြားကို ဆိုသည်။

**ဥပမာ——သုံးခွမြို့နယ် အတွင်းရှိ ရန်ကုန်တိုင်း ပြည်သူ့** ကောင်စီ မဲဆန္ဒနယ် အမှတ် (၁)၊ အမှတ် (၂) စသည်ဖြင့် ယင်းတိုင်းရှိ လူဦးရေနှင့် မြို့နယ် တစ်ခုချင်း ကို အခြေခံလျက် တိုင်း ပြည်သူ့ကောင်စီဝင် အရေ အတွက်ရှိသည်နှင့်အမျှ ခွဲခြားသတ်မှတ်ထားသည့် နယ် မြေအပိုင်းအခြားဖြစ်ပါသည်။

၁၅။ **ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်** ဆိုသည်မှာ၊ မြို့နယ် တခုချင်းကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးကိုရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကိုဆိုသည်။

**ဥပမာ**——ဟင်္သာတမြို့နယ် အတွင်းရှိ ပြည်သူ့ လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)၊ အမှတ် (၂) စသည်ဖြင့် ယင်းမြို့နယ်အတွင်းရှိ လူဦးရေကိုအခြေခံလျက် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရေအတွက်ရှိသည်နှင့်အမျှ ခွဲခြားသတ်မှတ်ထားသည့် နယ်မြေအပိုင်းအခြားဖြစ်ပါသည်။

၁၆။ **မဲရုံအဖွဲ့** ဆိုသည်မှာ၊ မဲဆန္ဒနယ် တခုအတွင်းရှိ မဲရုံတခု၌ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ စုပေါင်း တာဝန်ယူဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကိုဆိုသည်။

၁၇။ **မဲရုံမှူး** ဆိုသည်မှာ၊ မဲရုံအဖွဲ့တွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကိုဆိုသည်။

၁၈။ **ပုံစံ** ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့် ပူးတွဲထားသော ပုံစံကိုဆိုသည်။

၁၉။ **ဇယား** ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်း ထားသည့် နည်းဥပဒေများနှင့် ပူးတွဲထားသော ဇယားကိုဆိုသည်။

## အခန်း ၂

## ရွေးချယ်တင်မြှောက်ပုံစနစ်

လျှို့ဝှက်ဆန္ဒမဲစနစ်

၃။ ။(၁) ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာတွင် လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးချယ် တင်မြှောက်ရမည်။

ဆန္ဒမဲပေးပိုင်ခွင့် အသက်ကန့်သတ်ချက်

(၂) ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်သည့်အခါတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည်လည်းဖြစ်၍ ရွေးချယ် တင်မြှောက်ပွဲများ စတင်ကျင်းပသည့်နေ့ရက်၌ အနည်းဆုံးအသက် (၁၈) နှစ်ပြည့်သော နိုင်ငံသားတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၃) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်သည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်းသည် မဲဆန္ဒနယ်တခုတွင် ရွေးချယ်တင်မြှောက်ပွဲအဆင့်တခုအတွက် တကြိမ်လျှင် ဆန္ဒမဲတမဲသာပေးပိုင်ခွင့်ရှိသည်။

တူညီသော ဆန္ဒမဲပေးပိုင်ခွင့်

(၄) ပြည်သူ့ကိုယ်စားလှယ်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကိုယ်တိုင်ရွေးချယ်တင်မြှောက်ရမည်—

တိုက်ရိုက် ရွေးချယ် တင်မြှောက်ခြင်း

၁။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များကို သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

၂။ မြို့နယ် ပြည်သူ့ကောင်စီဝင်များကို သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာ အုပ်စုအတွင်းရှိ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

၃။ ပြည်နယ် ပြည်သူ့ကောင်စီဝင်များ၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက် ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးချယ် တင်မြှောက်ရမည်။

၄။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မဲဆန္ဒ နယ်များတွင် နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

၄။ ။ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာ၌ ဆန္ဒမဲ ပေးပိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များမှာ အောက်ပါတို့ဖြစ်သည်—

ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

၁။ သာသနာ့ဝန်ထမ်းများ၊

၂။ ပြည်ထောင်စု မြန်မာနိုင်ငံသားမဟုတ်သူများ၊

၃။ စိတ်ဖောက်ပြန်သူဟု သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့က ဆုံးဖြတ်ထားသူများ၊

၄။ ပြစ်မှုတခုခုကြောင့် ထောင်ဒဏ်ကျခံနေရသူများ။

## အခန်း ၃

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ဖွဲ့စည်းပုံ

ပြည်သူ့လွှတ်တော် ဖွဲ့စည်းပုံ

၅။ ။ပထမအကြိမ် ပြည်သူ့လွှတ်တော်ကို မြို့နယ်များမှ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

၁။ မြို့နယ်တခုစီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးကျစီ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။

၂။ လူဦးရေ တသိန်း (၁၀၀,၀၀၀) နှင့် အထက်ရှိသော မြို့နယ်တိုင်းမှ မူလရရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရေအတွက်အပြင် နောက်ထပ် ကိုယ်စားလှယ်တဦးကျစီ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။

၃။ ကယားပြည်နယ်၊ **လွိုင်ကော်**မြို့နယ်နှင့်**ဒီမောဆိုး** မြို့နယ်များမှ မူလရရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရေအတွက်အပြင် နောက်ထပ်ကိုယ်စားလှယ်တဦးကျစီ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။

၄။ ကရင်ပြည်နယ်၊ **ဘားအံ** မြို့နယ်၊ **ဖါပွန်** မြို့နယ်နှင့် **သံတောင်** မြို့နယ်များမှ မူလရရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အပြင်နောက်ထပ် ကိုယ်စားလှယ်တဦးကျစီ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။

၅။ ချင်းပြည်နယ်၊ **တီးတိန်** မြို့နယ်၊ **ဖလမ်း** မြို့နယ်၊ **မတူပီ** မြို့နယ်နှင့် **ပလက်ဝ** မြို့နယ်များမှ မူလရရှိသည့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရေအတွက်အပြင် နောက်ထပ် ကိုယ်စားလှယ် တဦးကျစီရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ။

ပြည်နယ်ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ကောင်စီ ဖွဲ့စည်းပုံ

၆။ ။ပထမအကြိမ် ပြည်နယ် ပြည်သူ့ကောင်စီများနှင့်တိုင်းပြည်သူ့ကောင်စီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

၁။ ပြည်နယ်ပြည်သူ့ကောင်စီများနှင့် တိုင်း ပြည်သူ့ကောင်စီများကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း အတွင်းရှိ မြို့နယ်များအား အခြေခံ၍ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင် အနည်းဆုံး (၃၀) မှ အများဆုံး (၁၀၀) အထိပါဝင်၍ ဖွဲ့စည်းရမည်။

၂။ ပြည်နယ် ပြည်သူ့ကောင်စီဝင်နှင့် တိုင်းပြည်သူ့ကောင်စီဝင် အရေအတွက်ကို သက်ဆိုင်ရာ ပြည်နယ်၊သို့မဟုတ် တိုင်းတခုလုံးရှိ လူဦးရေကိုလည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းတခုစီ၌ရှိကြသော မြို့နယ် အသီးသီး၏ လူဦးရေကိုလည်းကောင်း အခြေခံ၍ နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၇။ ။ပထမအကြိမ် မြို့နယ် ပြည်သူ့ကောင်စီများကို အောက်ပါအတိုင်းဖွဲ့စည်းရမည်—

မြို့နယ် ပြည်သူ့ ကောင်စီ ဖွဲ့စည်းပုံ

၁။ မြို့နယ် ပြည်သူ့ကောင်စီများကို သက်ဆိုင်ရာ မြို့နယ် တခု အတွင်းရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများအား အခြေခံ၍ မြို့နယ် ပြည်သူ့ကောင်စီဝင် အနည်းဆုံး (၂၀) မှ အများဆုံး (၁၀၁)အထိ ပါဝင်၍ ဖွဲ့စည်းရမည်။

၂။ မြို့နယ် ပြည်သူ့ကောင်စီဝင် အရေအတွက်ကို သက်ဆိုင်ရာ မြို့နယ် တခုလုံးရှိ လူဦးရေကို လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ် တခုစီ၌ ရှိကြသော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု အသီးသီး၏ လူဦးရေကို လည်းကောင်း အခြေခံ၍ နည်းဥပဒေ များဖြင့် သတ်မှတ်ပေးရမည်။

၃။ လူဦးရေ (၄,၀၀၀) အောက်ရှိသော မြို့နယ်များတွင် ပြည်သူ့ ကောင်စီဝင်(၂၀) ထက်လျော့နည်း၍ တော်လှန်ရေးကောင်စီ၊ သို့မဟုတ် တော်လှန်ရေး ကောင်စီက လုပ်ပိုင်ခွင့် လွှဲအပ်ထား သည့် အဖွဲ့အစည်းသည် သင့်လျော်သလို သတ်မှတ်ဖွဲ့စည်း ပေးနိုင်သည်။

၄။ မြို့နယ် တခု အတွင်းရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများ ကို အခြေခံ၍ မြို့နယ် ပြည်သူ့ကောင်စီကို ဖွဲ့စည်းရာတွင် မြို့နယ် ပြည်သူ့ကောင်စီဝင် (၁၀၀) ထက်ကျော်လွန်၍ သက်ဆိုင်ရာ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲက သင့်လျော်သလို သတ်မှတ်ဖွဲ့စည်း ပေးနိုင်သည်။

၈။ ။ရပ်ကွက် ပြည်သူ့ကောင်စီဝင်များနှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

ရပ်ကွက် ပြည်သူ့ကောင်စီ၊ ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီဖွဲ့စည်းပုံ

၁။ ရပ်ကွက် ပြည်သူ့ကောင်စီများနှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီများကို ရပ်ကွက် ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် အနည်းဆုံး (၁၀)ဦးမှ အများဆုံး (၁၅) အထိ ပါဝင်၍ ဖွဲ့စည်းရမည်။

၂။ ရပ်ကွက် ပြည်သူ့ကောင်စီဝင်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင် အရေအတွက်ကို သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ လူဦးရေကို အခြေခံ၍ နည်းဥပဒေ များဖြင့် သတ်မှတ်ဖွဲ့စည်း ပေးရမည်။

၃။ လူဦးရေ (၄၀၀) အောက်ရှိသော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာ အုပ်စုများတွင် ပြည်သူ့ကောင်စီဝင် အရေအတွက်ကို (၁၀) ဦးထက် လျော့နည်း၍ တော်လှန်ရေး ကောင်စီ၊ သို့မဟုတ် တော်လှန်ရေး ကောင်စီက လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် အဖွဲ့ အစည်းသည် သင့်လျော်သလို သတ်မှတ်ဖွဲ့စည်းပေးရမည်။

# အခန်း ၄

## မဲဆန္ဒနယ်များသတ်မှတ်ခြင်း

မဲဆန္ဒနယ်များ သတ်မှတ်ရာတွင်အခြေခံမူများ

၉။ ။(၁) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အတွက် မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် သက်ဆိုင်ရာ ဒေသရှိ လူဦးရေကို အခြေခံ၍ ပထဝီ အနေအထား၊ လမ်းပန်း ဆက်သွယ်ရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဒေသပိုင်းခြားမှု အခြေအနေများကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်၊ပြည်နယ် ပြည်သူ့ကောင်စီနှင့် တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် မြို့နယ်များကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ရမည်။ ယင်းမဲဆန္ဒ နယ်များကို သတ်မှတ်ရာတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ဒေသအဖြစ် သတ်မှတ်ထားသော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု တခုကို စိတ်ပိုင်းပြီးနောက် ယင်းအစိတ်အပိုင်း တခုကို မဲဆန္ဒနယ် တခုတွင်ထည့်သွင်း၍ ကျန်အစိတ်အပိုင်းတခုကို အခြားမဲဆန္ဒနယ် တခုတွင် ထည့်သွင်းခြင်းမပြုရ။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု တခုလုံးကိုသာ မဲဆန္ဒနယ် တခုတွင် ထည့်သွင်းသတ်မှတ်ရမည်။

(၃) မြို့နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု တခုချင်းကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တခုစီ၌ လူဦးရေ များပြားပြီးလျှင် ရွေးချယ်တင်မြှောက်ရမည့် မြို့နယ် ပြည်သူ့ကောင်စီဝင် အရေအတွက်ပေါ် မူတည်၍ ယင်းရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုအတွင်း မြို့နယ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ခွဲခြားသတ်မှတ်နိုင်သည်။

ဥပမာအားဖြင့် ဇဟန်းမြို့နယ် ရွှေဘောင်ကြား ရပ်ကွက်မှ မြို့နယ် ပြည်သူ့ကောင်စီဝင် ၂ ဦးကို ရွေးချယ် တင်မြှောက်ရမည်ဆိုလျှင် ယင်းရပ်ကွက် အတွင်း၌ မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အမှတ် (၁)နှင့် အမှတ် (၂)ဟူ၍ ခွဲခြားသတ်မှတ်ရန် ဖြစ်ပါသည်။

(၄) ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များနှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုချင်းအလိုက လူဦးရေကို အခြေခံ၍ သတ်မှတ်ရမည်။ ကျေးရွာအုပ်စု တခု အတွင်းရှိ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် ယင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတခုချင်းကို အခြေခံ၍လည်းကောင်း၊လူဦးရေကိုအခြေခံ၍လည်းကောင်း ပြည်သူ့ကောင်စီဝင်အရေအတွက် ပေါ်မူတည်၍ သတ်မှတ်နိုင်သည။

မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

၁၀။ ။(၁) ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို ကော်မီရှင်က သတ်မှတ် ကြေညာရမည်။

(၂) ပြည်နယ် ပြည်သူ့ကောင်စီမဲဆန္ဒနယ်များနှင့် တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယမျ းကို ကော်မီရှင်၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲက သတ်မှတ်ကြေညာရမည်။

(၃) မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲက သတ်မှတ်ကြေညာရမည်။

(၄) ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များနှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာ မြို့နယ် ကော်မီရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲက သတ် မှတ်ကြေညာရမည်။

(၅) လူဦးရေ (၄,၀၀၀) အောက်ရှိသော မြို့နယ်များအတွက် မြို့နယ်ပြည်သူ့ ကောင်စီ မဲဆန္ဒနယ်များကိုလည်းကောင်း၊ လူဦးရေ (၄၀၀) အောက်ရှိသော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများ အတွက် ရပ်ကွက် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကိုလည်းကောင်း တော်လှန်ရေး ကောင်စီ၊ သို့မဟုတ် တော်လှန်ရေးကောင်စီက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် အဖွဲ့အစည်းက သင့်လျော်သလို သတ်မှတ်ပေးနိုင်သည်။

အခန်း ၅

## ပြည်သူ့ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်းများ

၂၁။ ရွေးချယ် တင်မြှောက် ခံပိုင်ခွင့်ရှိသူများ

။(၁) ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့အောက် ပါအရည်အချင်းများနှင့် ပြည့်စုံသူတိုင်းသည် ပြည်သူ့ကိုယ်စား လှယ်အဖြစ် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်ရှိသည်။

၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော ပြည်ထောင်စု မြန်မာနိုင်ငံတိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသည့် နိုင်ငံသားများ။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား မိဘ နှစ်ပါးမှ မွေးဖွားသည့် နိုင်ငံသားများ။

(၂) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့် နေ့တွင် အနည်းဆုံး အသက် (၂၈) ပြည့်သော နိုင်ငံသားတိုင်းသည် ပုဒ်မခွဲ (၁) နှင့် ညီညွတ်လျှင် ရပ်ကွက်ပြည်သူ့ ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီသို့ သော်လည်းကောင်း၊ မြို့နယ် ပြည်သူ့ကောင်စီသို့ သော်လည်းကောင်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင် မြှောက်ခံပိုင်ခွင့်ရှိသည်။

(၃) ရွေးချယ် တင်မြှောက်ပွဲ ကျင်းပသည့် နေ့တွင် အနည်းဆုံး အသက် (၂၄) နှစ်ပြည့်သော နိုင်ငံသားတိုင်းသည် ပုဒ်မခွဲ (၁) နှင့် ညီညွတ်လျှင် ပြည်နယ ပြည်သူ့ကောင်စီ၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီသို့ ပြည်သူ့ကိုယ်စားလှယ် အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(၄) ရွေးချယ် တင်မြှောက်ပွဲ ကျင်းပသည့် နေ့တွင် အနည်းဆုံး အသက် (၂၈) နှစ်ပြည့်သော နိုင်ငံသားတိုင်းသည် ပုဒ်မခွဲ (၁) နှင့် ညီညွတ်လျှင် ပြည်သူ့လွှတ်တော်သို့ ပြည်သူ့ ကိုယ်စားလှယ် အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့်ပတ်သက်သောနယ်မြေသတ်မှတ်ချက်များ**

၁၂။ ။(၁) ရပ်ကွက် ပြည်သူ့ ကောင်စီဝင် အဖြစ်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင် အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ရမည်။

(၂) မြို့နယ် ပြည်သူ့ ကောင်စီဝင် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံနိုင် န် သက်ဆိုင်ရာ မြို့နယ်အတွင်း နေထိုင်သူဖြစ်ရမည်။

(၃) ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင်ပြည်နယ် ပြည်သူ့ ကောင်စီဝင် အဖြစ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီဝင်အဖြစ် ရွေးချယ် တင်မြှောက်ခံနိုင်ရန် အောက်ပါအတိုင်း ဖော်ပြထားသူ တဦးဦးဖြစ်ရမည်—

၁။ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်းနေထိုင်သူ၊

၂။ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မည်သည့် မဲဆန္ဒနယ်တွင်မဆို နေထိုင်သူ၊

၃။ အခြားပြည်နယ်၊ သို့မဟုတ် တိုင်းများတွင် နေထိုင်သော်လည်း သက်ဆိုင်ရာ ပြည်နယ် ပြည်သူ့ ကောင်စီဝင်လောင်း၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီဝင်လောင်း အမည်စာရင်း တင်သွင်းရေး ညှိနှိုင်းအစည်းအဝေးက အမည်စာရင်း တင်သွင်းခြင်းခံရသူ။

(၄) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း **အမည်စာရင်း တင်သွင်း**ရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက် ခံနိုင်ရန် အောက်ပါအတိုင်း ဖော်ပြထားသူ တဦးဦးဖြစ်ရမည်—

၁။ သက်ဆိုင်ရာ မြို့နယ်အတွင်း နေထိုင်သူ၊

၂။ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း နေထိုင်သူဖြစ်၍ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း **အမည်စာရင်း** တင်သွင်းရေး ညှိနှိုင်း အစည်းအဝေးက **အမည်စာရင်း** တင်သွင်းခြင်း ခံရသူ။

**ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်မရှိသူများ**

၁၃။ ။ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခံပိုင်ခွင့် မရှိသူများမှာ အောက်ပါ ပုဂ္ဂိုလ်တို့ဖြစ်သည်—

၁။ သာသနာ့ဝန်ထမ်းများ၊

၂။ စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့က ဆုံးဖြတ်ထားသူများ၊

၃။ ပြစ်မှုတခုခုကြောင့် ထောင်ဒဏ် ကျခံနေရသူများ၊
၄။ မိဘ နှစ်ဦးလုံးသည်လည်းကောင်း၊ မိဘနှစ်ဦး အနက်မှ တဦးဦး သည်လည်းကောင်း နိုင်ငံခြားသား ဖြစ်ခဲ့၍ နိုင်ငံသားအဖြစ်ပြောင်း လဲခံယူခြင်းမပြုမီက မွေးဖွားပြီး ဥပဒေအရ နိုင်ငံသားဖြစ်သူ။

## အခန်း ၆

## မဲစာရင်းပြုစုခြင်း

မဲစာရင်းအမျိုးအစား

၁၄။ ။(၁) ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီး အတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်း တခုစီကိုကော်မီ ရှင်က အောက်ပါအတိုင်း သီးခြားစီပြုစုရမည်—

၁။ ပြည်သူ့လွှတ်တော် မဲစာရင်း၊
၂။ ပြည်နယ် ပြည်သူ့ကောင်စီ မဲစာရင်း၊ တိုင်း ပြည်သူ့ကောင်စီ မဲစာရင်း၊
၃။ မြို့နယ် ပြည်သူ့ကောင်စီ မဲစာရင်း၊
၄။ ရပ်ကွက် ပြည်သူ့ကောင်စီ မဲစာရင်း၊ ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ မဲစာရင်း။

(၂) ပုဒ်မခွဲ (၁) အရ၊ မဲစာရင်းများကို ပြုစုခြင်းနှင့် စပ်လျဉ်း၍ ကော်မီရှင် သည် ကော်မီရှင်အဖွဲ့ခွဲများကို တာဝန်ပေး ဆောင်ရွက်စေနိုင်သည်။

(၃) မဲဆန္ဒနယ်များအတွက် မဲစာရင်းများ ပြုစုခြင်းနှင့် စပ်လျဉ်း၍ ကော်မီရှင် နှင့် ကော်မီရှင်အဖွဲ့ခွဲများသည် ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းထားသော သက်ဆိုင်ရာ သန်းခေါင် စာရင်းကော်မီတီ အသီးသီးထံမှ ပြုစုထားပြီးဖြစ်သော လူဦးရေစာရင်းများကို ရယူအခြေခံ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင် မြှောက်ပွဲများ ကျင်းပရန်အလို့ငှါ အသုံးပြုနိုင်သည်။

မဲစာရင်း၌ ထည့်သွင်းခြင်း ပြုရသူများနှင့် မပြုရသူများ

၁၅။ ။(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေပဲ နိုင်ငံသားတိုင်းသည် မဲဆန္ဒနယ်တနယ်တွင် နေထိုင်သူလည်းဖြစ်၍၊ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အနည်းဆုံး အသက် (၁၈) နှစ် ပြည့်သူလည်းဖြစ်လျှင် သက်ဆိုင်ရာ မဲစာရင်း၌ ထည့်သွင်းဖော် ပြရမည်။ သို့ရာတွင် ကော်မီရှင်က သတ်မှတ်သည့်ရွေးချယ်တင်မြှောက်ပွဲများ စတင်ကျင်းပ မည့်နေ့ရက်တွင် အနည်းဆုံးအသက် (၁၈) နှစ်ပြည့်သူသည်လည်း သက်ဆိုင်ရာ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခွင့်ရှိသည်။

(၂) သာသနာ့ဝန်ထမ်းများ၊ ပြည်ထောင်စု မြန်မာနိုင်ငံသား မဟုတ်သူများ၊ စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့က ဆုံးဖြတ်ထားသူများနှင့် ထောင်ဒဏ် ကျခံနေရသူများကို မဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။

(၃) မဲစာရင်း၌ တစုံတရာ မှားယွင်းထည့်သွင်းမိလျှင် သက်ဆိုင်ရာ ကော်မီရှင် အဖွဲ့ခွဲက စိစစ်၍ ထိုမဲစာရင်းမှ ထုတ်ပယ်ရမည်။

**မဲစာရင်း စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်း**

၁၆။ ။(၁) မဲစာရင်း စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲများက ဆောင်ရွက်ရမည်။

(၂) ပုဒ်မ ၁၄ ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် သက်ဆိုင်ရာ မဲစာရင်းဘို့တွင် အမည်ပါဝင်နေသော နိုင်ငံသားတိုင်းသည် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၃) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် မဲဆန္ဒနယ်များ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတခုမှအပ အဆင့်တူညီသော အခြားမဲဆန္ဒနယ်၏ မဲစာရင်းများတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ။

**မဲစာရင်း ကြိုတင်ကြေညာခြင်း**

၁၇။ ။ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို မဲဆန္ဒနယ်အလိုက် ရွေးချယ်တင်မြှောက်ပွဲ မကျင်းပမီ ကြိုတင်ကြေညာရမည်။

**မဲစာရင်းတွင် အမည်ဖြည့်စွက် တင်သွင်းခြင်း**

၁၈။ ။(၁) ဤဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း မရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ မိမိအမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာကို တင်သွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ သက်ဆိုင်ရာ ရပ်ကွက် မဲစာရင်း၊ သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုသော်လည်း သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက အမည်ထည့်သွင်းပေးခြင်း မရှိခဲ့လျှင် နည်းဥပဒေ ၁၆ (၃) အရ ၃ ရက်အတွင်း သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း ၇

## ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း

**ပါတီဦးဆောင်မှုဖြင့် ကိုယ်စားလှယ်လောင်း ညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း**

၁၉။ ။ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရန်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်၊ ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လုပ်သားပြည်သူ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်းရေးအတွက် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရေး ညှိနှိုင်း အစည်းအဝေးများကို ကျင်းပရမည်။

**ညှိနှိုင်း အစည်းအဝေးများကို အဆင့်အလိုက်ကျင်းပခြင်း**

၂၀။ ။ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရေး ညှိနှိုင်း အစည်းအဝေးများကို ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ကျင်းပရမည်။

**အမည်စာရင်း တင်သွင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းခြင်း**

၂၁။ ။ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ အမည်စာရင်း တင်သွင်းရေးကို အတည်ပြုခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း လုပ်ထုံးလုပ်နည်းများကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

## အခန်း ၈

## ဆန္ဒမဲပေးခြင်း

**ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခြင်း**

၂၂။ ။ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရန် အချိန်ကာလသတ်မှတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

၁။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် ရွေးချယ်တင်မြှောက်ပွဲ များကို ဖြစ်နိုင်သ၍ တပြိုင်နက်၊ တနေ့တည်း ကျင်းပရမည်။

၂။ ရွေးချယ်တင်မြှောက်ပွဲများကို ဖြစ်နိုင်သ၍ အများပြည်သူတို့၏ အလုပ်ပိတ်ရက်တွင် ကျင်းပရမည်။

၃။ ရွေးချယ်တင်မြှောက်ပွဲများ စတင် ကျင်းပမည့် နေ့ရက်ကို ကြိုတင်၍ သတ်မှတ် ကြေညာရမည်။

**မဲရုံများပြုလုပ်ခြင်း**

၂၃။ ။မဲရုံများကို အများပြည်သူတို့ အလွယ်တကူ လာရောက် ဆန္ဒမဲ ပေးနိုင်သော နေရာများ၌ ထားရှိရမည်။ မဲရုံများ တည်ရှိသည့် နေရာများကို အများပြည်သူတို့ သိရှိစေရန် ကြိုတင်ကြေညာရမည်။

**မဲရုံအဖွဲ့ ဖွဲ့စည်းခြင်း**

၂၄။ ။(၁) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အသီးသီး၌ မဲရုံများကို ကြီးကြပ် ကွပ်ကဲရန် မဲရုံအဖွဲ့များကို ရပ်ကွက်ကော်မီရှင်အဖွဲ့၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့က သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(၂) မဲရုံတိုင်းတွင် မဲရုံအဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်တဦးကို မဲရုံမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(၃) မဲရုံအဖွဲ့များနှင့် မဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သတ်မှတ်ပေးရမည်။

**မဲပုံးများပြုလုပ်ရန်စီစဉ်ခြင်း**

၂၅။ ။(၁) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာ၌ အဆင့်တခုရှိ မဲဆန္ဒနယ်တခုတွင် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုင်သူ တဦးထက်ပို၍ရှိခဲ့လျှင် ယင်းသို့ ယှဉ်ပြိုင်သူများ အရေအတွက်ရှိသ၍ မဲပုံးအရေအတွက်ကို ပြုလုပ်စီစဉ်ထားရှိရမည်။

(၂) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာ၌ မဲဆန္ဒနယ် တခုအတွက် ယှဉ်ပြိုင်သူမရှိ တဦးတည်းသာ ရွေးချယ်တင်မြှောက်ခံရန်ဖြစ်လျှင် ယင်းပုဂ္ဂိုလ်အား ထောက်ခံသည့် မဲပုံးနှင့် ကန့်ကွက်သည့်မဲပုံးတို့ကို ထင်ရှားသည့် အရောင်များ၊ အမှတ်အသားများဖြင့် ခွဲခြားလျက် မဲပုံးများကို ပြုလုပ်စီစဉ်ထားရှိရမည်။

**မဲရုံများဖွင့်လှစ်ချိန်**

၂၆။ ။ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် (၆) နာရီမှ ညနေ (၆) နာရီအထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ (၆) နာရီထက်စော၍ ပိတ်နိုင်သည်။

**ဆန္ဒမဲပြားဖြင့် ဆန္ဒမဲပေးခြင်း**

၂၇။ ။ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည်၊ သက်ဆိုင်ရာ မဲရုံအသီးသီး၌ သက်ဆိုင်ရာ ဆန္ဒမဲပြားများကို လူကိုယ်တိုင် လာရောက် တောင်းခံပြီးလျှင် သက်ဆိုင်ရာ မဲပုံးများ အတွင်းသို့၊ ယင်း ဆန္ဒမဲပြားများကို ကိုယ်တိုင် ထည့်သွင်းရမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၊ မည်သူမျှ ကိုယ်စားလှယ် စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။

**မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိ နေသူများအတွက် ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်ရန်စီစဉ်ခြင်း**

၂၈။ ။(၁) သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံရှိ အတွင်းလူနာများနှင့် မဲဆန္ဒနယ် ပြင်ပရောက်ဝန်ထမ်း အဖွဲ့ဝင်များအတွက် ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ကော်မီရှင် အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(၂) ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတဦးသည် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါဝင်သော မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေးသွားလာရန် ရှိလျှင် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ကြိုတင်ပေးနိုင်ရန် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

**နိုင်ငံခြားတွင် ရောက်ရှိနေသည့် နိုင်ငံသားများက ဆန္ဒမဲ ပေးနိုင်ရန်စီစဉ်ပေးခြင်း**

၂၉။ ။(၁) ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပသည့်အချိန်တွင် နိုင်ငံခြား၌ ရောက်ရှိနေသော မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် မိသားစုများ၊ သံရုံးအဖွဲ့ဝင်များနှင့် မိသားစုများ၊ ပညာတော်သင်များနှင့် မိသားစုများ၊ မစ်ရှင် အဖွဲ့ဝင်များနှင့် မိသားစုများ၊ အစိုးရ၏ ခွင့်ပြုချက်အရ နိုင်ငံခြား၌ ရောက်ရှိနေသူ များနှင့် မိသားစုများက သက်ဆိုင်ရာ မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲပေးနိုင်ရန် ကော်မီရှင်က စီစဉ်ပေးရမည်။

(၂) ပုဒ်မခွဲ (၁) အရ နိုင်ငံခြား၌ ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဆန္ဒမဲပေးနိုင်ရေး အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနက တာဝန်ယူဆက်သွယ် ဆောင်ရွက်ပေးရမည်။

## အခန်း ၉

## ဆန္ဒမဲရေတွက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ခြင်း

၃၀။ ။(၁) ဆန္ဒမဲများကို ရေတွက်သည့်အခါ ရပ်ကွက် ပြည်သူ့ ကောင်စီ၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၊ မြို့နယ် ပြည်သူ့ကောင်စီ၊ ပြည်နယ်ပြည်သူ့ကောင်စီ၊ တိုင်း ပြည်သူ့ ကောင်စီနှင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများ၏ ကြီးကြပ်မှုဖြင့် တသီးတခြားစီခွဲ၍ ရေတွက်ရမည်။

**ဆန္ဒမဲရေတွက်ရာ၌လိုက်နာရန် နည်းလမ်းများ**

(၂) သက်ဆိုင်ရာ မဲဆန္ဒနယ် အလိုက် ပြည်သူ့ ကိုယ်စားလှယ် လောင်း၊ သို့မဟုတ် ပြည်သူတို့၏ ရှေ့မှောက်တွင် ဆန္ဒမဲများကို ရေတွက်ရမည်။

(၃) ဆန္ဒမဲများကို ရေတွက်ရာတွင် ခိုင်လုံသော ဆန္ဒမဲနှင့် မခိုင်လုံသော ဆန္ဒမဲတို့အား ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ ခွဲခြားပြီး ခိုင်လုံသော ဆန္ဒမဲများကိုသာ ရေတွက်ရမည်။

(၄) ရပ်ကွက် ကော်မရှင် အဖွဲ့ခွဲ၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည်၊ မိမိနှင့် သက်ဆိုင်သော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ မဲရုံအသီးသီး၏ မဲပုံးများအတွင်းမှ ဆန္ဒမဲပြားများကို လည်းကောင်း၊ ပုဒ်မ ၂၈ နှင့် ၂၉ အရ ဆန္ဒမဲပေးကြသော ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း ရေတွက်ရမည်။

(၅) ပုဒ်မခွဲ (၄) အရ ရေတွက်ပြီးသည့်အခါ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၊ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီနှင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များအတွက် ရရှိသော ဆန္ဒမဲ စာရင်းဇယားများကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(၆) မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင် အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့လာသည့် သက်ဆိုင်ရာဆန္ဒမဲစာရင်း ဇယားများအရ ဆက်လက်ရေတွက်ရမည်။

၃၁။ ။(၁) ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အသီးသီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် လာရောက် ဆန္ဒမဲပေးခြင်း မရှိလျှင် ရွေးချယ် တင်မြှောက်ပွဲ အထမမြောက်ကြောင်းကို သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲက ကြေညာရမည်။

**အထမမြောက် သောရွေးချယ် တင်မြှောက်ပွဲများ**

(၂) ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ မဲဆန္ဒနယ်အသီးသီးတွင်သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲ လာရောက်ပေးသော်လည်း ပြည်သူ့ ကိုယ်စားလှယ်လောင်း တဦးတယောက်မျှ လာရောက်ဆန္ဒမဲ ပေးသူ အားလုံး၏ ဆန္ဒမဲ ထက်ဝက်ကျော် မရရှိလျှင် ရွေးချယ်တင်မြှောက်ခြင်း မခံရကြောင်းကို သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲက ကြေညာရမည်။

(၃) ပုဒ်မခွဲ (၁)အရ ရွေးချယ် တင်မြှောက်ပွဲ အထမမြောက်လျှင် သော်လည်းကောင်း၊ ပုဒ်မခွဲ (၂)အရ ရွေးချယ် တင်မြှောက်ခြင်း မခံရလျှင် သော်လည်းကောင်း တဆင့်မြင့်သော သက်ဆိုင်ရာ အဖွဲ့အစည်းသို့ သက်ဆိုင်ရာကော်မီရှင် အဖွဲ့ခွဲက အစီရင်ခံရမည်။

၃၂။ ။ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် အထမြောက်သော

*ရွေးချယ်တင်မြှောက်ခြင်းခံရ သူများကိုကြေညာခြင်း*

ရွေးချယ် တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမလာရောက် ပေးသူများ၏ ဆန္ဒမဲ ထက်ဝက်ကျော် ရရှိသူအား ရွေးချယ် တင်မြှောက်ခြင်း ခံရသူအဖြစ် ကြေညာရမည်။

၃၃။ ။(၁) ပုဒ်မ ၃၁ အရ ရွေးချယ် တင်မြှောက်ပွဲ အထမမြောက်လျှင် သော်လည်းကောင်း၊ ရွေးချယ် တင်မြှောက်ခြင်း မခံရလျှင် သော်လည်းကောင်း

*ရွေးချယ်တင်မြှောက်ပွဲ ဒုတိယ အကြိမ်ကျင်းပခြင်း*

ယင်းသို့ ရွေးချယ် တင်မြှောက်ပွဲ အထ မမြောက်ကြောင်းကိုဖြစ်စေ ရွေးချယ် တင်မြှောက်ခြင်း မခံရကြောင်းကို ဖြစ်စေ ကြေညာပြီးနောက် ရွေးချယ်တင်မြှောက်ပွဲ ဒုတိယအကြိမ် ကျင်းပမည့်နေ့ရက်ကို သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ကြေညာရမည်။

(၂) ပုဒ်မခွဲ (၁)အရ ဒုတိယအကြိမ် ကျင်းပသော ရွေးချယ် တင်မြှောက်ပွဲများတွင် ပထမအကြိမ် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပချိန်၌ အတည်ပြုပြီးသော မဲစာရင်းအရ ဆက်လက် ဆောင်ရွက်ရမည်။

(၃) ပုဒ်မ ၃၁ ပုဒ်မခွဲ (၁)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် လာရောက် ဆန္ဒမဲ မပေးသဖြင့် ဒုတိယအကြိမ် ကျင်းပရသော ရွေးချယ်တင်မြှောက်ပွဲများတွင် မူလ တင်သွင်းထားသော ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းဖြင့်သာ ပြုလုပ်ရမည်။

(၄) ပုဒ်မ ၃၁ ပုဒ်မခွဲ (၂)အရ လာရောက်ဆန္ဒမဲပေးသူ အားလုံး၏ ဆန္ဒမဲ ထက်ဝက်ကျော် မရသဖြင့် ဒုတိယအကြိမ် ကျင်းပရသော ရွေးချယ် တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းသစ်ကို တင်သွင်းစေ၍ ကျင်းပရမည်။

(၅) ဒုတိယအကြိမ် ကျင်းပသော ရွေးချယ် တင်မြှောက်ပွဲ များကိုလည်း ကော်မီရှင်နှင့် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲများကပင် တာဝန်ယူ ကျင်းပရမည်။

၃၄။ ။(၁) သဘာဝ ဘေးအန္တရာယ် တခုခုကြောင့် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ခြင်း မရှိခဲ့သော မဲဆန္ဒနယ်များတွင် ယင်း ဘေးအန္တရာယ်

*ရွေးချယ် တင်မြှောက်ပွဲများ ရွှေ့ဆိုင်းခြင်း*

ကင်းရှင်း ပြီးသည်အထိ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရန် ရွှေ့ဆိုင်းထားနိုင်သည်။

(၂) မဲဆန္ဒနယ် တခုတွင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရန် မဲစာရင်းပြုစုရန်အတွက် သော်လည်းကောင်း၊ ဆန္ဒမဲ ပေးရန်အတွက် သော်လည်းကောင်း လုံခြုံမှုအခြေအနေ မရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကို ရွှေ့ဆိုင်းထားနိုင်သည်။

(၃) ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် တခုအတွက်ဖြစ်စေ၊ ပြည်သူ့ကောင်စီ အဆင့်တခု၏ မဲဆန္ဒနယ် တခုခုအတွက်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်၊ သို့မဟုတ် ယင်းမဲဆန္ဒနယ်များ၌ ပါဝင်သော အချို့ဒေသများတွင် ရွေးချယ် တင်မြှောက်ပွဲများကျင်းပရန် အခြေအနေများရှိပြီ

အချို့ဒေသများ၌ ရွေးချယ်တင်မြှောက်ပွဲများကျင်းပရန် အခြေအနေမရှိလျှင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲ ရွှေ့ဆိုင်းရန်သော်လည်းကောင်း ဆုံးဖြတ်နိုင်သည်။

(၄) ဤပုဒ်မအရ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ သို့မဟုတ် ပြည်သူ့ကောင်စီ မဲဆန္ဒနယ် တခုခုအတွက် ရွေးချယ် တင်မြှောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည့် လုပ်ပိုင်ခွင့်ကို ကော်မရှင်၊ သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ အသီးသီးက ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့်အညီ ကျင့်သုံး ဆောင်ရွက်ရမည်။ သို့ရာတွင် ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ သက်ဆိုင်ရာ ရွေးချယ်တင်မြှောက်ပွဲကို ပြည်သူ့လွှတ်တော် ပထမအကြိမ် အစည်းအဝေး မတိုင်မီအထိသာ ရွှေ့ဆိုင်းနိုင်သည်။

## အခန်း ၁၀

## ရွေးချယ်တင်မြှောက်ပွဲများ၌ တရားမဲ့ပြုကျင့်မှုများနှင့် ပြစ်ဒဏ်များ

**ရွေးချယ် တင်မြှောက်ပွဲများ၌ တရားမဲ့ပြုကျင့်မှုများအတွက်ပြစ်ဒဏ်**

၃၅။ ။(၁) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများတွင် နိုင်ငံသားတဦး၏ ဆန္ဒမဲ ပေးပိုင်ခွင့်နှင့် ရွေးချယ် တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်းတို့ကို မည်သူမျှ မပြုရ။

(၂) မည်သူမဆို ဤပုဒ်မပါ တားမြစ်ချက်တခုခုကို ချိုးဖေါက်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

**မဲဆွယ်ခြင်း၊ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များနှင့် ပြစ်ဒဏ်**

၃၆။ ။(၁) မည်သူမျှအောက်ပါတို့ကို မပြုလုပ်ရ—

၁။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်အတွက်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်မည့် အနေဖြင့်သော်လည်းကောင်း၊ ငွေ၊ ကုန်ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင် နေရာပြောင်းရွှေ့မှု စသည့် နည်းလမ်းများကို အသုံးပြုလျက် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း။

၂။ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ပြည်သူ့ကိုယ်စားလှယ်လောင်း တဦးဦးကို သော်လည်းကောင်း၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ တဦးဦးကို သော်လည်းကောင်း ခြိမ်းခြောက်ခြင်း။

၃။ ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန် သော်လည်းကောင်း ပြောဆိုခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန်တိုက်တွန်းအားပေးခြင်း။

၄။ ဆန္ဒမဲပေးခြင်းကို ပျက်ပြားစေရန် လှုံ့ဆော်ပြောကြားခြင်း၊ စည်းဝေးဟောပြောခြင်း၊ ရေးသားပုံနှိပ်ဖြန့်ချိခြင်း၊ သို့မဟုတ် ပိုစတာများအသုံးပြုခြင်း။

(၂) မည်သူမဆို ဤပုဒ်မပါ တားမြစ်ချက် တခုခုကို ချိုးဖောက်ခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် တနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၇။ ။(၁) မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ—

ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ မမှန်မကန် ပြုခြင်းများကို တားမြစ်ချက်နှင့် ပြစ်ဒဏ်

၁။ ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်း၊ အကြောင်းကြားစာ၊ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မရိုးမသားသော သဘောနှင့် ဖတ်မရအောင်ပြုလုပ်ခြင်း၊ သို့မဟုတ် ဖျက်ဆီးခြင်း။

၂။ မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ စာတိုက်မှတဆင့် ပေးပို့ရာတွင်အသုံးပြုသော စာအိတ်၊ သို့မဟုတ် အထုပ်ကိုသော်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် ဖျက်ဆီးခြင်း၊ သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်မရအောင် ပြုလုပ်ခြင်း။

၃။ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲ လက်မှတ်ကို မသမာသော နည်းဖြင့် အခြားသူတဦးအား ပေးအပ်ခြင်း။

၄။ ထည့်ခွင့်ရှိသော ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်မှ အပ အခြားပစ္စည်း တခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း။

၅။ အသုံးပြုဆဲဖြစ်သော မဲပုံးကိုသော်လည်းကော င်း၊ ဆန္ဒမဲပြားကိုသော်လည်းကောင်း၊ ဆန္ဒမဲ လက်မှတ်ကိုသော် လည်းကောင်း အခွင့်အာဏာမရရှိပဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဖျက်ဆီးခြင်း။

၆။ ရွေးချယ်တင်မြှောက်ပွဲ အဆင့်တခုခုတွင် မဲဆန္ဒနယ် တနယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း။

၇။ ရွေးချယ်တင်မြှောက်ပွဲ တခုခုတွင် မဲဆန္ဒနယ်တနယ်အတွက် တကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း။

၈။ သူတပါးဟန်ဆောင်၍ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း။

(၂) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတဦးဦး ကျူးလွန်စေရန် အားပေးကူညီလျှင်သော်လည်းကောင်း ယင်းသို့ ကျူးလွန်ကြောင်း၊ သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

ရွေးချယ် တင်မြှောက်ပွဲတွင်ကျင်းပသည့် နေ့တွင် နှောင့်ရှက်ခြင်း

၃၈။ ။မည်သူမဆို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူ တဦးတယောက်ကိုသော်လည်းကောင်း၊ မဲရုံ၌ တာဝန်ကျသော ပုဂ္ဂိုလ်တဦးတယောက်၏ တာဝန် ဝတ်တရားဆောင်ရွက်ခြင်းကိုသော်လည်းကောင်း နှောင့်ရှက်ခြင်းပြု၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၉။ ။(၁) ရွေးချယ်တင်မြှောက်ပွဲများနှင့် သက်ဆိုင်သည့် တာဝန်ဝတ်တရားများတို့ကို ထမ်းဆောင်သောပုဂ္ဂိုလ်များသည်——

ရွေးချယ် တင်မြှောက်ပွဲများတွင် တာဝန် ထမ်းဆောင်သူများ၏ ကျင့်ဝတ်နှင့်ပြစ်ဒဏ်

၁။ ရွေးချယ်တင်မြှောက်ပွဲများနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျမှန်ကန်စွာ ပြုစုထိန်းသိမ်းကြရမည်။

၂။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ကူညီစောင့်ရှောက်ကြရမည်။

၃။ ကော်မီရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတပါး အခြားကိစ္စများနှင့် ပတ်သက်၍ ပေါက်ကြားခြင်းမရှိစေရ။

၄။ ရွေးချယ်တင်မြှောက်ပွဲများတွင် ပြည်သူ့ကိုယ်စားလှယ်လောင်း တဦးဦး အတွက် မှန်မကန် ပြုလုပ်ခြင်း၊ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုရ။

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက် တခုခုကို တမင်ချိုးဖောက် ခြင်းကြောင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

မဲရုံအတွင်း မဖွယ်မရာ ပြုသူအား မဲရုံ အတွင်းမှ ဖယ်ရှားခြင်း

၄၀။ ။(၁) မည်သူမဆိုမဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသော အမှုကိုပြုလျှင်၊ သို့မဟုတ် မဲရုံမှူးက မိမိတာဝန် ဝတ်တရားအရ ပေးသည့် အမိန့်ကိုမနာခံလျှင်ထိုသူကို မဲရုံမှူး၏ အမိန့်ဖြင့်သော်လည်းကောင်း၊ မဲရုံမှူး၏ အခွင့်အာဏာအရ မဲရုံအဖွဲ့ဝင်တဦး၏ အမိန့်ဖြင့် သော်လည်းကောင်း၊ သက်ဆိုင်ရာမဲရုံ၌ တာဝန်ကျ ပြည်သူ့ရဲဘော်ဖွဲ့ဝင်၊ သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူကမဲရုံမှဖယ်ရှားစေရမည်။

(၂) မဲရုံမှဖယ်ရှားခြင်းခံရသူသည် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိပဲ မဲရုံသို့ပြန်ဝင်လာခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**တရားမဲ့ ကိုင်တန်းခြင်းအတွက်ပြစ်ဒဏ်**

၄၁။ ။မည်သူမဆို ရွေးချယ်တင်မြှောက်ပွဲများတွင် တရားမဲ့ပြုကျင့်မှုများနှင့်ပတ်သက်၍ အကြောင်း ယုတ္တိ မခိုင်လုံပဲ လိမ်လည်၍ သော်လည်းကောင်း၊ နှောင့်ယှက် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် သော်လည်းကောင်း စွပ်စွဲကိုင်တန်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

**ဤဥပဒေအရ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း**

၄၂။ ။လူတဦးဦးသည် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတခုခုကို ကျူးလွန်သည်၊ သို့မဟုတ် ကျူးလွန်ဆဲ ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် မဲရုံမှူးသည် ထိုသူကို ဖမ်းဆီးရန် သက်ဆိုင်ရာ မဲဆန္ဒနယ် အတွင်းရှိ တာဝန်ကျ ပြည်သူ့ ရဲတပ်ဖွဲ့ဝင်တဦး၊ သို့မဟုတ် အခြား လုံခြုံရေး တာဝန်ရှိသူအား အမိန့်ပေးနိုင်သည်။

## အခန်း ၁၁

## ရွေးချယ် တင်မြှောက်ပွဲဆိုင်ရာ ပြစ်မှုများအား စစ်ဆေးခြင်း

**တရားမဲ့ပြုကျင့်မှုများနှင့်ပတ်သက်၍တိုင်တန်းခြင်း**

၄၃။ ။အခန်း (၁၀) တွင် ပြဋ္ဌာန်းထားသည့် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းက ဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူ ဆောင်ရွက်ရသော ကော်မီရှင်ခွဲ၊ သို့မဟုတ် မဲရုံအဖွဲ့တခုခုတွင် ပါဝင်သော အဖွဲ့ဝင်တဦးဦးကဖြစ်စေ သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲသို့ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ရွေးချယ်တင်မြှောက်ပွဲ မကျင်းပမီ သော်လည်းကောင်း၊ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပစဉ် သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီးနောက် (၇) ရက်အတွင်း သော်လည်းကောင်း တိုင်တန်းနိုင်သည်။

**ရှေးဦး ပုံစမ်းစစ်ဆေးခြင်းနှင့်အယူခံခြင်း**

၄၄။ ။(၁) ပုဒ်မ ၄၃ အရ တင်ပြထားသော တိုင်တန်းလွှာကို သက်ဆိုင်ရာ ကော်မီရှင် အဖွဲ့ခွဲက လက်ခံပြီးနောက် ယင်းတိုင်တန်းလွှာပါ အချက်အလက်များသည် ခိုင်လုံကြောင်း၊ မခိုင်လုံကြောင်း သိရှိနိုင်ရန် ရှေးဦးစုံစမ်းစစ်ဆေးမှုကို ဆောလျင်စွာ ပြုလုပ်ရမည်။

(၂) ရှေးဦးစုံစမ်း စစ်ဆေးမှုကို ပြုလုပ်နိုင်ရန် သော်လည်းကောင်း၊ အယူခံလွှာများကို စုံစမ်းစစ်ဆေးနိုင်ရန် သော်လည်းကောင်း ကော်မီရှင်နှင့် ကော်မီရှင် အဖွဲ့ခွဲအသီးသီးတွင် သက်သေခံပုဂ္ဂိုလ်များ၊ သက်သေခံ ပစ္စည်းအထောက်အထားများကို ဆင့်ခေါ် တောင်းခံ ကြည့်ရှုခွင့်နှင့် ပတ်သက်၍ တရားရုံးများ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခွင့်ရှိသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရှေးဦးစုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးလျှင် သက်သေအထောက်အထားမခိုင်လုံဟု ယူဆပါက သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ယင်းတိုင်တန်းလွှာကို ပယ်ချနိုင်သည်။

(၄) တိုင်တန်းလွှာအား ပယ်ချခြင်းကို မကျေနပ်ပါက တိုင်တန်းသူသည် ယင်းသို့ပယ်ချကြောင်း အကြောင်းကြားစာ ရပြီးသည့် နေ့မှစ၍ (၇) ရက်အတွင်း တဆင့်မြင့်သော သက်ဆိုင်ရာ အဖွဲ့အစည်းသို့ အယူခံနိုင်သည်။

(၅) ပုဒ်မခွဲ (၄) အရ၊ တင်သွင်းသော အယူခံလွှာကို လက်ခံရရှိသော ကော်မီရှင်အဖွဲ့ခွဲသည် ယင်းအယူခံလွှာကို လက်ခံရရှိပြီးနောက် ဆောလျင်စွာ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ပေးရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

(၆) ပြည်နယ် ပြည်သူ့ ကောင်စီနှင့် တိုင်းပြည်သူ့ ကောင်စီ ရွေးချယ် တင်မြှောက်ပွဲအတွက်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ရွေးချယ် တင်မြှောက်ပွဲ အတွက်သော်လည်းကောင်း၊ တိုင်တန်းလွှာနှင့် ပတ်သက်သော အယူခံလွှာကို ကော်မီရှင်သို့ တင်သွင်းရမည်။ ကော်မီရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

(၇) အယူခံလွှာကို လက်ခံစုံစမ်း စစ်ဆေးသော ကော်မီရှင်၊ သို့မဟုတ် ကော်မီရှင်အဖွဲ့ခွဲသည် ယင်းတိုင်တန်းလွှာအား ရှေးဦး စုံစမ်း စစ်ဆေးခဲ့သည့် ကော်မီရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည်။ ယင်းသို့ ပယ်ဖျက်ပြီးနောက် ယင်းတိုင်တန်းလွှာကို ကော်မီရှင်၊ သို့မဟုတ် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲ၏ စုံစမ်းစစ်ဆေး တွေ့ရှိချက်များနှင့် အတူသက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သို့ လွှဲအပ်ရမည်။

**ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ မှုခင်းများကို တရားစီရင်ခြင်း**

၄၅။ ။(၁) ရပ်ကွက်ပြည်သူ့ကောင်စီ၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီနှင့်မြို့နယ် ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများနှင့် ပတ်သက်၍ တိုင်တန်းလွှာများကို သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ခိုင်လုံကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သို့ ယင်းတိုင်တန်းလွှာများကို ယင်းသို့ စုံစမ်းတွေ့ရှိချက်များနှင့်အတူ လွှဲအပ်ရမည်။

(၂) ပြည်နယ် ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ ကောင်စီနှင့် ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများနှင့် ပတ်သက်သည့် တိုင်တန်းလွှာများကို သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ခိုင်လုံကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ကော်မီရှင်မှတဆင့် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲ၏ စုံစမ်းတွေ့ရှိချက်များနှင့်အတူ သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့သို့ ယင်းတိုင်တန်းလွှာများကို လွှဲအပ်ရမည်။

**ကော်မီရှင် အဖွဲ့ခွဲများနှင့် ပတ်သက်၍ တိုင်တန်းခြင်း**

၄၆။ ။(၁) ကော်မီရှင်အဖွဲ့ခွဲများ၏ တရားမဲ့ ပြုကျင့်မှုများရှိလျှင် တဆင့်မြင့်သော သက်ဆိုင်ရာအဖွဲ့အစည်းသို့ တိုင်တန်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ တိုင်တန်းလွှာများကို လက်ခံရရှိလျှင် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကော်မီရှင်က စုံစမ်းစစ်ဆေးပြီး ဆုံးဖြတ်ချက် သတ်မှတ်ပေးရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

(၃) ယင်းတိုင်တန်းလွှာသည် မခိုင်လုံပါက သက်ဆိုင်ရာ ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် ကော်မီရှင်က ပယ်ချနိုင်သည်။ ခိုင်လုံကြောင်း စုံစမ်း စစ်ဆေးတွေ့ရှိပါက ယင်းသို့ စုံစမ်းစစ်ဆေး တွေ့ရှိချက် များနှင့်အတူ ယင်းတိုင်တန်းလွှာကို သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သို့ လွှဲအပ်ရမည်။

ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ပြစ်မှုများ အတွက် ပြည်သူ့ ရဲတပ်ဖွဲ့၏ အကူအညီရယူခြင်း

၄၇။ ။တည်ဆဲဥပဒေများ၌ မည်သို့ပင်ပါရှိစေကာမူ ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ပြစ်မှုများကို ကော်မီရှင်၊ သို့မဟုတ် ကော်မီရှင်အဖွဲ့ခွဲများက စုံစမ်းစစ်ဆေးရာတွင် သော်လည်းကောင်း၊ ယင်းပြစ်မှုများကို သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့ခွဲများက စီရင် ဆုံးဖြတ်ရာ ရာတွင်လည်းကောင်း လိုအပ်သော အကူအညီများကို သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့က ပေးရမည်။

လွှတ်လပ်စွာတရားစီရင် ပိုင်ခွင့်ရှိခြင်း

၄၈။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ လွှဲအပ်သော တိုင်တန်းလွှာများ အပေါ် ကော်မီရှင်၊ သို့မဟုတ် ကော်မီရှင် အဖွဲ့ခွဲများက မည်သို့ပင် စုံစမ်းတွေ့ရှိစေကာမူ သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များသည် ယင်းသို့ လွှဲအပ်သော တိုင်တန်းလွှာများနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီလွှတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိသည်။

စီရင်ချက်များ တင်ပြခြင်း

၄၉။ ။ဤဥပဒေအရ ရွေးချယ် တင်မြှောက်ပွဲဆိုင်ရာ ပြစ်မှုများကို စီရင်ဆုံးဖြတ်သည့် အခါ သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များက အမြန်စီရင် ဆုံးဖြတ်ရမည်။ ယင်းသို့ စီရင်ဆုံးဖြတ်သည့် စီရင်ချက်များကို ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲများနှင့်ပတ်သက်လျှင် ပြည်သူ့လွှတ်တော်သို့လည်းကောင်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက် ပွဲများနှင့် ပတ်သက်လျှင်သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့လည်းကောင်း အမြန် တင်ပြရမည်။

## အခန်း ၁၂

## ရွေးချယ်တင်မြှောက်ပွဲများ ထပ်မံကျင်းပခြင်း

ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် နေရာလစ်လပ်ခြင်း

၅၀။ ။ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အသီးသီးတို့၏ သက်တမ်း မကုန်ဆုံးမီအတွင်း အောက်ပါ အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နေရာ လစ်လပ်မှုရှိပါက ထိုလစ်လပ်သောနေရာ အတွက် ရွေးချယ် တင်မြှောက်ပွဲကို ထပ်မံကျင်းပပေးရမည်။

၁။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးသေဆုံးခြင်း။

၂။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးအဖြစ်မှ ပျက်ပြယ်ခြင်း။

၅၁။ ။ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့၏ သက်တမ်း မကုန်ဆုံးမီအောက်ပါ အကြောင်းတရပ်ရပ်ကြောင့် ပြည်နယ် ပြည်သူ့ ကောင်စီဝင်၊ သို့မဟုတ် ဝိုင်းပြည်သူ့ ကောင်စီဝင်နေရာ သော်လည်းကောင်း၊ မြို့နယ် ပြည်သူ့ ကောင်စီဝင် နေရာသော်လည်းကောင်း၊ ရပ်ကွက် ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် နေရာသော်လည်းကောင်း လစ်လပ်မှုရှိပါက ရွေးချယ် တင်မြှောက်ပွဲများကို ထပ်မံကျင်းပ ပေးရမည်။

**ပြည်သူ့ကောင်စီဝင်နေရာ လစ်လပ်ခြင်း**

၁။ ပြည်သူ့ကောင်စီဝင်တဦး သေဆုံးခြင်း။

၂။ ပြည်သူ့ ကောင်စီဝင် တဦးအဖြစ်မှ ပျက်ပြယ်ခြင်း။

## အခန်း ၁၃

## အထွေထွေပြဋ္ဌာန်းချက်များ

၅၂။ ။တော်လှန်ရေးကောင်စီသည် ပထမ အကြိမ် ပြည်သူ့ လွှတ်တော် အစည်းအဝေး ကျင်းပနိုင်ရန် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတ်မှတ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အသီးသီးထံသို့ ဖိတ်ကြားစာများ ပေးပို့ရမည်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်း အဝေးကို ဖိတ်ခေါ်ခြင်း**

၅၃။ ။(၁) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သည် ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရန် အတွက် ဥပစာ၊ အဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ လက်နှိပ်စက်၊ စာကူးစက်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်၊တစုံတရာတို့အားအသုံးပြုရန်လိုအပ်လျှင် အသုံးပြုလိုသည့် ကာလအပိုင်းအခြားကို ဖော်ပြလျက် သက်ဆိုင်ရာ ဒေသရှိ အစိုးရအဖွဲ့အစည်း တခုခုထံမှ ဖြစ်စေ၊ ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူထံမှ ဖြစ်စေ ခေတ္တငှားရမ်းအသုံးပြုနိုင်သည်။ သို့ရာတွင် ပိုင်ရှင်၊ သို့မဟုတ် လက်ဝယ်ရှိသူထံမှ ခေတ္တငှားရမ်းအသုံးပြုသည့်အခါ ကော်မရှင်၊ သို့မဟုတ် ကော်မရှင် အဖွဲ့ခွဲများက တိုက်ရိုက်ဆက်သွယ်ခြင်းမပြုပဲ သက်ဆိုင်ရာဒေသရှိ အစိုးရအဖွဲ့အစည်းများမှတဆင့် ဆက်သွယ်ငှားရမ်းအသုံးပြုရမည်။

**ရွေးချယ် တင် မြှောက်ပွဲ အတွက် အကူအညီ တောင်းခံခြင်း**

(၂) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် အစိုးရ အဖွဲ့အစည်းများထံမှ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေး အတွက် လိုအပ်သော အကူ အညီ တောင်းခံနိုင်သည်။

၅၄။ ။(၁) တော်လှန်ရေးကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်နိုင်ရန် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်နိုင်ခွင့်

(၂) ဤဥပဒေအရ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ အရ ပြဋ္ဌာန်းသည့် နည်းဥပဒေနှင့် အညီ ကော်မီရှင်သည် လိုအပ်သည့် အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကိုထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်။

(၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။